CHANGE FOR PEACE FELLOWSHIP



# အရောင်အသွေးစုံသော မြန်မာမှ နားလည်နိုင်သည့် အသွင်ကူးပြောင်းရေး တရားမျှတမှု

Spring University Myanmar
SCHOOL
OF FEDERALISM
AND PEACE STUDIES

# အရောင်အသွေးစုံသောမြန်မာမှ နားလည်နိုင်သည့် အသွင်းကူးပြောင်းရေးတရားမျှတမှု

**ရေးသားသူ- SSM 9158**

ဤစာတမ်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအသိုက်အဝန်းများအကြား အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (TJ) ဆိုင်ရာ ကွဲပြားသော သဘောထားအမြင်များကို ၎င်းတို့၏ သမိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် လူမှုနိုင်ငံရေး အခြေအနေများဖြင့် ပုံဖော်ထားသည်။ အဆိုပါ မတူညီသော အသံများကို ပုံဖော်ခြင်းဖြင့် ရှုမြင်သုံးသပ်ချက်များသည် TJ ပဏာမခြေလှမ်းများကို နိုင်ငံတော်နှင့် ဒေသအဆင့်တွင် မည်ကဲ့သို့ လွှမ်းမိုးနိုင်သည်ကို စူးစမ်းလေ့လာပါသည်။ မြန်မာနိုင်ငံ၏ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးသည့် လူမျိုးပေါင်းစုံ လူ့အဖွဲ့အစည်း အားလုံးပါဝင်သော TJ မူဘောင်ကို ဖန်တီးရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို နားလည်ရန် ကြိုးပမ်းထားပါသည်။

## မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုံတိုင်းရင်းသားများ၏ တရားမျှတမှုဓလေ့ထုံးတမ်းများနှင့် လိုလားချက်များ

အတိတ်ကာလ ပဋိပက္ခ နှင့် စက်ဆုတ်ဖွယ်ရာ အဖြစ်အပျက်များမှ လွတ်မြောက်ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းသည် အနာဂတ်ကောင်းများသို့ ရှေ့ဆက်နိုင်ကြရန်လိုအပ်သည်။ ပြည်သူတစ်ဦးအနေဖြင့် တရားမျှတမှုကို အနက်ဖွင့်လျှင် နိုင်ငံသားတစ်ဦးသည် နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှုရေး စသောအခွင့်အရေးများကို တန်းတူညီမျှရခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူသားတစ်ဦး၏ လူသားဖြစ်တည်မှုကို အလေးပေးသော လွတ်လပ်ခြင်း နှင့် ဂုဏ်သိက္ခာရှိသော လူသားဖြစ်တည်မှုကို ဥပဒေအရ တာဝန်ယူ တာဝန်ခံပေးထားခြင်းဖြစ်သည်။ မတူညီသော ကိုးကွယ်ယုံကြည်ခြင်း၊ ကွဲပြားခြားနားသော ဓလေ့ထုံးစံအယူအဆများနှင့် စုံလင်ကွဲပြားသော လူမျိုးစုများပေါင်းစုနေထိုင်ကြသည့် မြန်မာနိုင်ငံတွင် တရားမျှတမှုအပေါ် သုံးသပ်အဓိပ္ပာယ်ဖော်ဆောင်မှုများ ကွဲပြားလျက်ရှိသည်။

ဆက်လက်တင်ပြသွားမည့် လူမျိုးစုများ၏ တရားမျှတမှုလိုလားချက်အသံများသည် ဖြေဆိုသူတစ်ဦး တစ်ယောက်ချင်း၏ ခံစားချက်အသံများကိုသာ ထင်ဟပ်ဖော်ပြထားခြင်းဖြစ်သည်။ ဤစာတမ်းငယ်သည် အချက်အလက်ကောက်ယူမှုသုတေသနနည်းနာတခုအသုံးပြု၍ ပြုစုရေးသားထားခြင်းမဟုတ်သဖြင့် လူမျိုးစုတစ်ခု လုံး၏အသံကို လွှမ်းခြုံသုံးသပ်ခြင်း မပြုနိုင်သော်လည်း TJ တွင် ကွဲပြားသော ခံယူချက်ပုံစံများကို ထိတွေ့ခံစားနားလည်မှုတို့ကိုပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

***ဗမာလူမျိုးများ၏ တရားမျှတမှုအမြင်***

လူဦးရေအများစု မြန်မာနိုင်ငံအနှံ့ ပြန့်နှံ့နေထိုင်ကြသော ဗမာလူမျိုးများသည် ဥပဒေကိုသော်လည်းကောင်း၊ ဥပဒေဆိုင်ရာအဖွဲ့အစည်းများကိုသော်လည်းကောင်း တရားမျှတမှုကို လက်လှမ်းမီအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိ ဟုထင်မြင်ကြသည်။ ဥပဒေနှင့် တရားစီရင်ရေးစနစ်ကိုအသုံးချကာ အစိုးရတရားရုံးများတွင် ရင်ဆိုင်ဖြေရှင်းခြင်း နည်းလမ်းများကို ရွေးချယ်အသုံးပြုမှုအားနည်းကြသည်အားတွေ့ရှိရသည်ဟု တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေး လူထုစစ်တမ်းများအရသိရှိရသည်။ ရပ်ကျေးမှစ ခရိုင်တိုင်းအဆင့်ဆင့် တရားဥပဒေစိုးမိုးမှု အကောင်အထည်ဖော် ဆောင်ရွက်သည့်ယန္တရားတွင် အဂတိတရားများနှင့် ပြည့်နှက်လျက်ရှိသည့် အစိုးရတရားရုံးများကို အားထား မှုမရှိခြင်းသည် အုပ်ချုပ်မှုဖရိုဖရဲဖြစ်ကာ အမှုအခင်းများကို လက်ယက်ခေါ်ဆောင် နေသည့်အလား ဖြစ်သည်။ စစ်ပွဲများနှင့် ကင်းကွာနေခဲ့သော မြန်မာနိုင်ငံအလယ်ပိုင်းရပ်ဝန်း မြေပြန့်ဒေသများတွင် နေထိုင်ခဲ့ကြသည့် လူများစု ဗမာများသည် တော်လှန်ရေးကာလတွင် ပဋိပက္ခနယ်မြေ၏ ဗဟိုချက်ကဲ့သို့ဖြစ်လာပြီး နေရပ်စွန့်ခွာ ထွက်ပြေးကြရ သူများ နေ့စဥ်များသထက်များပြားလာပါသည်။ ထိုသူတို့၏ တခုတည်းသောအသံကတော့ “အိမ်ပြန်ချင်တယ်၊ အိမ်ပြန်ချိန်ရောက်ချင်ပါပြီ” ဆိုတဲ့ လုံခြုံငြိမ်းချမ်း၍ လွတ်လပ်တရားမျှတသော တန်းတူညီမျှရှိသည့် မိမိတို့၏ ချက်မြှုပ်ရာအရပ်သို့ သိက္ခာရှိစွာ ပြန်လည်နေရာချထားပေးနိုင်ရေးဖြစ်ပါသည်။

***ကချင်လူမျိုးများ၏ တရားမျှတမှုအမြင်***

"ကချင်လူမျိုးတို့သည် တရားမျှတမှုနှင့် စစ်မှန်သော ငြိမ်းချမ်းရေးတို့ နှစ်ခုလုံးရောပြွန်းတည်ရှိသည့် ၎င်းတို့ဆန္ဒရှိလိုလားသောနယ်မြေကို ရရှိရန်ဆန္ဒပြင်းပြကြသည်။" ဟု ကချင်လူမျိုးများနှင့် ပဋိပက္ခ စာတမ်းတွင် ရေးသားထားသည်။ ယနေ့ခေတ်ကချင်လူငယ်များ၏ နိုင်ငံရေးလိုလားချက်တွင် တရားစီရင်ရေးစနစ် လွတ်လပ်၍ မျှတမှုရှိရန်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရရန်၊ စစ်ရှောင်ပြည်သူများအတွက် နေရပ်ပြန်ခြင်းနှင့် အထွေထွေအကြပ်တည်းများမှ လူမှုတရားမျှတမှုရရှိရန် နှင့် အလုံးစုံစစ်ပွဲများရပ်တန့်သွားရန် ကချင်လူငယ်ထု လှုပ်ရှားမှုကို ဆောင်ရွက်ကြောင်း Kachin Youth Movement မှ ပြောဆိုထားသည်။

## ***ချင်းလူမျိုးများ၏ တရားမျှတမှုအမြင်***

ကျွန်မတို့ဟာ မေ့ကျန်ရစ်ထားတဲ့ လူတွေလိုပါပဲ ဆင်းရဲမွဲတေမှု၊ အစာရေစာငတ်မွတ်မှု၊ ညှင်းပန်းနှိပ်စက်မှုများ၊ ခွဲခြားဆက်ဆံခံရခြင်း၊ဘာသာရေးလွတ်လပ်မှုမရှိခြင်း စသည့် ဖိနှိပ်မှုအမျိုးမျိုးကို ခံစားကြရသူများ သည် ချင်းပြည်နယ်နေ ချင်းလူမျိုးများနှင့် ပဋိပက္ခဖြစ်ပွားမှုကြောင့် နယ်စပ်ဖြတ်ကျော် ဒုက္ခသည်ဖြစ်လာသူ စစ်ရှောင်ပြည်သူများ၏ ကြေကွဲဆို့နင့်ဖွယ် အသံများကို မြန်မာနှင့် ကမ္ဘာကပါ မျက်နှာလွှဲခြင်းခံထားကြရသဖြင့် ပွင့်အံထွက်လာရခြင်းဖြစ်သည်။

## ***ကရင်/ကရင်နီ/ ကယားလူမျိုးများ၏ တရားမျှတမှုအမြင်***

ကရင် ၊ ကရင်နီ၊ ကယား ဒေသပဋိပက္ခများဖြစ်ခဲ့သည့်အတွက် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ပြီး နယ်စပ်ဒေသများရှိ ဒုက္ခသည်စခန်းများတွင် နှစ်ပေါင်းဆယ်နှင့်ချီနေထိုင်ခဲ့ရသည့် ဒေသခံများ၏ ရင်တွင်းခံစားချက်များကို လေ့လာစူးစမ်းမေးမြန်းချက်များအရ "ကိုယ့်အခွင့်ရေး ရပိုင်ခွင့်အတွက် တိုက်တာကို ကိုယ့်အိမ်ကနေအတင်းကျပ် ဖယ်ထုတ်ခံရပြီး အဲ့လိုတိုက်ခိုက်ဖယ်ထုတ်ခဲ့တဲ့ သူတွေက မင်းပြန်လာလို့ ရပါတယ်လို့ တနေ့ပြောလာရင် မင်းယုံမလား။ မြန်မာ့နိုင်ငံရေးနဲ့ အခြေနေ တွေဟာ ပြောင်းလဲခဲ့ပြီလို့ ထင်ရတယ်၊ ဒါပေမယ့် အာဏာပိုင်အသစ်တွေကို မင်းယုံမလား" ဟူ၍ ဖြစ်သည်။ "ဒုက္ခသည်စခန်း မှာထက်စာရင် ဒီနေရာကို (တော်လှန်ရေးတပ်ဖွဲ့များထိန်းချုပ်စိုးမိုးထားရာဒေသ) ပိုလာချင်ကြတယ်။ ဒုက္ခသည်စခန်းတွင် အကူညီတွေလျော့၊ အလုပ်တွေလည်း ရှာမရဘဲ လူသားတဦး၏ ဂုဏ်သိက္ခာအရ လူ့အခွင့်အရေးရရှိမှု အခြေနေတွေက

အရမ်းဆိုးနေကာ အသက်ကြီးရင့်လာသူများအတွက် အနာဂတ်မရေရာမှု ကျန်းမာရေးစောင့်ရှောက်မှုအားနည်းချက်များအကြောင်း” ဒုက္ခသည်စခန်းတွင် ဆယ်နှစ်ကျော်နေထိုင်ခဲ့ရသူကပြောသည်။ တွေ့ကြုံခဲ့ရသည့် အခက်အခဲနှင့် ဒုက္ခဆင်းရဲများ မမေ့နိုင်စရာ မှတ်ဉာဏ်များက ၎င်းတို့၏စိတ်ဒဏ်ရာများသည် အသက်ရှင်နေစဥ်အချိန်တွင် မည်မျှစိုးမိုးနေသည်ကို ပြသသည်လည်းဖြစ်သည်။ နိုင်ငံရေးစနစ် မခိုင်မာခြင်း အစိုးရဆိုသူများ၏ ထင်သလိုချယ်လှယ်နေသည့် ဥပဒေပြဌာန်းချက်များကို ယုံကြည်နိုင်စွမ်းမရှိကြခြင်း တရားမျှတမှုရရာရကြောင်း ကြိုးစည်ကြိုးစားဖို့ပင်မဝံ့မရဲ ဖြစ်စေခဲ့သည်။

### *မွန်လူမျိုးများ၏ တရားမျှတမှုအမြင်*

ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ယုံကြည်မှုတည်ဆောက်ရေး၊အမျိုးသားရင်ကြားစေ့ရေး နဲ့တရားမျှတမှု ဆိုင်ရာအသွင် ကူးပြောင်းရေးဆိုသောအရေးကြီးသည့် အချက်သုံးချက်ရှိကြောင်း၊ အစိုးရအနေဖြင့် အဆိုပါအချက်များကို စတင်အကောင်အထည်ဖော်ပေးရန်တာဝန်ရှိကြောင်း၊၊ ပြုပြင်ပြောင်းလဲရေးကိုအမှန်တကယ် ဆောင်ရွက်မည်ဆိုပါက နစ်နာခဲ့သူများ၏ စကားသံကိုနားထောင်ပေးရမှာဖြစ်ပြီး၊ ထိုသူတို့ရဲ့ ထိခိုက်နစ်နာမှု၊ နာကျင်ခံစားခဲ့ရမှုကို အသိအမှတ်ပြုရမည့်အပြင် အနာဂတ်မှာအလားတူ ကျူးလွန်မှုတွေထပ်မံမပေါ်ပေါက်အောင် ကာကွယ်ပေးရမှာဖြစ်ကြောင်း မွန်လူ့အခွင့်အရေးအစီရင်ခံစာ (တရားမျှတမှုကို ခြေရာကောက်ခြင်း အစီရင်ခံစာ ၂၀၁၄)မှ တရားမျှတမှုလိုလားချက်အသံများကို မြင်တွေ့ရနိုင်ပါသည်။

### *ရခိုင်လူမျိုးများ၏ တရားမျှတမှုအမြင်*

အတိတ်ကာလပဋိပက္ခများထက် လက်ရှိနိုင်ငံလုံးဆိုင်ရာ စစ်အာဏာရှင်တော်လှန်ရေးကာလတွင် “ကျွန်တော်တို့ ရက္ခိုတလမ်းစဥ်က ရက္ခိုတလမ်းစဥ်ရည်မှန်းချက်နဲ့ ကျွန်တော်တို့စတင်ခဲ့တာဖြစ်တယ်။ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ရက္ခိုတလမ်းစဥ်နဲ့ ဆက်စပ်ပြီးမှ လူမျိုးပေါင်းစုံလွတ်မြောက်ရေး၊ လူမျိုးပေါင်းစုံ ကြီးငယ်မခွဲခြားဘဲ တန်းတူမျှတစွာ အခွင့်အရေးတွေရရှိရေး၊ နောက် လူမျိုးစုအလိုက်ပေါ့လေ

အကုန်လုံးစည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းဖို့လိုတယ်။ အဲဒီလို ငြိမ်းချမ်းပြီးမှပဲ တိုးတက်မယ်။ ဒါကတော့ လူမျိုးစုအလိုက် ကျွန်တော်ပြောတာဖြစ်တယ်။ နောက်တခုကတော့ နိုင်ငံသားတိုင်းပေါ့။ တချို့ကတော့ တိုင်းရင်းသားစာရင်းမှာမပါတဲ့ နိုင်ငံသားတွေလည်းရှိတယ်။ ဆိုတော့ ဒီနိုင်ငံသားတွေအတွက်လည်းပဲ သူ့ရဲ့နိုင်ငံသားတစ်ယောက်ရဲ့အခွင့်အရေးနဲ့ တာဝန်ဆိုတာကို ပိုပြီးမှ ပီပြင်အောင် အဓိပ္ပာယ်ဖွင့်ဆိုပြီးမှ ဒီဟာတွေကို စနစ်တကျနဲ့တည်ဆောက်ပြီး အားလုံးအတွက် ကောင်းတဲ့အနာဂတ်ကို ကျွန်တော်တို့ ပုံဖော်ရမယ်လို့ နားလည်ထားပါတယ်" ဟု ULA/AA ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့ BBC အင်တာဗျူးတွင် ဖြေထားသည်ကို ကြည့်မည်ဆိုလျှင် ရခိုင်လူထုကို ဦးဆောင်နေသည့် AA ၏ လက်ရှိနိုင်ငံရေး လမ်းစဉ်နှင့် ရက္ခိုတလမ်းစဉ်၏တရားမျှတမှု အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းစွာမြင်နိုင်မှာဖြစ်ပါသည်။

### *ရှမ်းလူမျိုးများ၏ တရားမျှတမှုအမြင်*

"လူနည်းစုလည်းမဟုတ်သလို လူများစုလည်း မဟုတ်ပဲ တန်းတူညီမျှခွင့် ရထိုက်သည့် တိုင်းရင်းသားလူမျိုးစုများသာဖြစ်ပါသည်။" လက်ရှိနိုင်ငံရေးစနစ်တွင် ဗမာကြီးစိုးသော တပ်မတော်အာဏာရှင်များ နိုင်ငံကို စီမံအုပ်ချုပ်ခြင်းသည် "တိုင်းရင်းသား တန်းတူညီမျှမှုကို မည်သည့်အခါမှ ဖော်ဆောင်ပေးနိုင်မည် မဟုတ်သဖြင့် နိုင်ငံရေးမတည်ငြိမ်မှုဆက်ဖြစ်နေမည့်အကျိုးဆက်သာ ဆက်ရှိမည်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ပင်လုံတွင် သဘောတူညီခဲ့သည့်အတိုင်း တိုင်းရင်းသား လူမျိုးစုအားလုံးအတွက် တန်းတူညီမျှသော ပြည်ထောင်စုဟူသည့် ဘုံသရုပ်လက္ခဏာဆိုသော မျှော်မှန်းချက်နှင့်မူဝါဒများကို ပြန်သွားနိုင်မှသာ တည်တံ့သော ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ရရှိနိုင်မည်ဖြစ်သည်" ဟုလေ့လာမှုများမှ တွေ့ရှိရသည်။ "မျှတခြင်း၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခြင်းနှင့် ဒီမိုကရေစီထွန်းကားသည့် တိုင်းရင်းသားပြည်နယ်များကို အခြေခံသော ဖက်ဒရယ်ပြည်ထောင် စုတစ်ခု တည်ထောင်ရေး" သည် ၎င်းတို့ တရားမျှတသော ငြိမ်းချမ်းသည့်လူ့အဖွဲ့စည်းဖြစ်ပေါ် စေသည်ဟု ယုံကြည်ကြသည်။

### ***<u>လူနည်းစု မျိုးနွယ်များမှ နာဂတို့၏ တရားမျှတမှုအမြင်</u>***

နာဂလူမျိုးများသည် အငြင်းပွားမှု အများစုကို တစ်ဦးချင်း (သို့) ဖသားစုများကြားဖြေရှင်းရလေ့ရှိပြီး မျိုးနွယ်စုအဆင့်သို့ ရောက်ခဲ့ကာ ရိုးရာဓလေ့ထုံးတမ်းစနစ်တွင် ပြဿနာကို ရိုးရာအာဏာပိုင် အနိမ့်ဆုံးအဆင့်တွင် ဖြေရှင်းနိုင်ရန် ညှိနှိုင်းပေးလေ့ရှိပြီး ရိုးရာတရားဥပဒေနှင့်မျိုးနွယ်စု တန်ဖိုးထားမှုစံနှုန်းများနှင့်အညီ အငြင်းပွားမှု ပြဿနာများကိုဖြေရှင်းကြသည်။ တရားမျှတမှုရှိစေရန်နှင့် ရပ်ရွာ၏စံနှုန်းများ၊ ဓလေ့ထုံးတမ်းများနှင့် ကိုက်ညီမှု ရှိစေရန် မျက်မြင်သက်သေများရှေ့တွင် ပွင့်လင်းမြင်သာမှုရှိစွာ အဂတိတရားကင်းပြီး တာဝန်ခံမှုရှိသော တရားစီရင်ရေးကို ဖော်ဆောင်ကြသည်။ အစိုးရတရားရုံးများတွင် ကျင့်သုံးသည့် ဥပဒေသများနှင့် ၎င်းဥပဒေများသည် ဒေသနေလူထုနှင့် ကိုက်ညီမှုမရှိခြင်းတို့ကြောင့် ပြဿနာဖြေရှင်းခြင်းထက် ပိုဆိုးစေသည့် အကြောင်းတရားများကိုသာဖြစ်ပေါ်စေသည်ဟု ခံယူထားကြသည်။

**<u>လက်ရှိဖော်ဆောင်နေသော အသွင်ကူးပြောင်းရေး တရားမျှတမှုယန္တရား</u>**

မြန်မာနိုင်ငံရှိ မတူညီသော လူမျိုးစုအသိုက်အဝန်းများသည် ၎င်းတို့၏ ထူးခြားသော သမိုင်းအတွေ့အကြုံများ၊ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများနှင့် မကျေနပ်ချက်များကို ပုံဖော်ထားသည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (TJ) ၏ မတူညီသော သဘောထားအမြင်များကို ကိုင်စွဲထားသည်။ ထိုကွဲပြားသော ရှုထောင့်များသည် နိုင်ငံအဆင့်နှင့် ဒေသအဆင့်တွင် TJ ကြိုးပမ်းအားထုတ်မှုများအတွက် ဦးစားပေးလုပ်ဆောင်မှုများနှင့် မတူကွဲပြားသော ချဉ်းကပ်မှုများကို သက်ရောက်မှုရှိစေပါသည်။ ဥပမာအားဖြင့်၊ အချို့သော တိုင်းရင်းသားအုပ်စုများသည် မတရားမှုများကို စနစ်တကျ ဖြေရှင်းရန်နှင့် သမိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် တာဝန်ခံမှုရှိစေရေး အလေးပေးဆောင်ရွက်ကြပြီး အချို့မှာ ပြန်လည်သင့်မြတ်ရေး၊ ပြန်လည်ပေးလျော်ခြင်း (သို့မဟုတ်) ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားနှင့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းတို့ကို ဦးစားပေးလုပ်ဆောင် ကြသည်။ ဤခံယူချက်များသည် အမှန်တရားရှာဖွေရေးယန္တရား၊ လျော်ကြေးပေးခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များအပါအဝင် TJ လုပ်ဆောင်ချက်များ၏ နယ်ပယ်နှင့် မဟာဗျူဟာများကို ပုံဖော်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ဤကြိုးပမ်း အားထုတ်မှုများသည် အမျိုးသားအဆင့်တွင် ကွဲပြားသောပါဝင်မှုနှင့်

ကိုယ်စားပြုမှုအဆင့်အမျိုးမျိုးရှိသော်လည်း ကွဲပြားသောအမြင်များကို စည်းလုံးသောမူဘောင်တစ်ခုအဖြစ် ပေါင်းစပ်ရန် ပိုမိုကျယ်ပြန့်သောကြိုးပမ်းမှုများကို လိုအပ်ကြောင်း ထင်ဟပ်နေသည်။ တိုင်းရင်းသားအသိုက်အဝန်းများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အသိပညာတည် ဆောက်မှု အစပျိုးခြင်းကဲ့သို့သော ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများသည် သက်ဆိုင်သူအားလုံး၏ ဆန္ဒ၊ လိုအပ်ချက်များနှင့် TJ လုပ်ငန်းစဉ်များကို ချိန်ညှိခြင်း၏အရေးကြီးမှုကို မီးမောင်းထိုးပြပါသည်။ ဤကြိုးပမ်းအား ထုတ်မှုများ၏ ဆွေးနွေးမှုသည် ဒေသဆိုင်ရာ အတွေ့အကြုံများနှင့် အမျိုးသားအဆင့် TJ မဟာဗျူဟာများကြား ရှုပ်ထွေးသော အပြန်အလှန်အကျိုးသက်ရောက်မှုကို ဂရုပြုမိစေသည်။

နိုင်ငံတစ်နိုင်ငံသည် စီးပွားရေးအရ ချွတ်ခြုံကျမှု ၊ နိုင်ငံတကာဖိအားပေးမှု၊ လူထုတိုက်ပွဲ ၊ အာဏာရှင် အုပ်စုအတွင်း အကွဲအပြဲများ နှင့် အတိုက်အခံနှင့် အာဏာရှင် အုပ်စုများအကြား ညှိနှိုင်းတိုင်ပင်ကာ အလုံးစုံပျက်သုံးခြင်းကို ရပ်တန့်နိုင်သော အထွေထွေအကြပ်အတည်းများကို ဖြေရှင်းနိုင်သော နိုင်ငံနှင့် လူထု၏ လက်ငင်းအကျိုးစီးပွား ဖြစ်ထွန်းမှုကို ယုံကြည်မျှော်တွေးနိုင်သည့်ခေါင်းဆောင်မှုများ ဖြစ်တည်လာချိန်တွင် အသွင်ကူးပြောင်းရေးဖြစ်ပေါ်စေနိုင်သည်။ ထိုသို့အသွင်ကူးပြောင်းရေးပေါ်ပေါက်မှု ရင်းခံအကြောင်းတရားများကို မှီတည်၍ လူထုအတွက် အမှန်တရားနှင့် တရားမျှတမှုရရှိနိုင်သည့် ပုံစံများမှာလည်းကွဲပြားနိုင်သည်။

အာဏာရှင်ရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးစစ်ပွဲတွင် အနိုင်ရရှိမှုမှပေါ်ပေါက်လာသော တော်လှန်ရေးအင်အား စုအဖွဲ့များ၏ တရားမျှတမှုရှာဖွေရေးလုပ်ငန်းစဉ်ဖြင့် တရားစီရင်ရေးပုံစံတခုဖြစ်သည်။ သာဓကအားဖြင့် ဂျာမဏီ နာဇီကျရှုံးပြီးနောက် လူပေါင်း နှစ်သိန်းလေးသောင်းကျော်ကို ဖမ်းဆီးစစ်ဆေးပြီး လူပေါင်း (၂၀၀)ခန့် သေဒဏ်စီရင်ခဲ့သည့် နျူရင်ဘတ်တရားခုံရုံးဖြင့် တရားမျှတမှုဖော်ဆောင်ခြင်းဖြစ်သည်။

အတိုက်အခံအင်အားစုများ စုစည်းမှုပြိုကွဲ အားနည်းသွားပြီး အာဏာရှင် အစိုးရမှ အာဏာဆက်လက် တည်တံ့အောင် အာဏာရှင် အုပ်စုများအတွင်း သဘောထားပျော့ပြောင်းသူများမှ တရွေ့ရွေ့ပြုပြင် ပြောင်းလဲမှု ဖော်ဆောင်သည့် ပုံစံဖြစ်သည်။ ထိုသို့ပြောင်းလဲမှုကို မြန်မာနိုင်ငံ၏ ၈၈ ကျောင်းသားအရေးတော်ပုံမှ ပေါ်ပေါက်ခဲ့သောNCGUB အဝေးရောက်ညွန့်ပေါင်းအစိုးရ အာဏာအင်အားနည်းပါးသွားသော ၁၉၉၀- ၂၀၁၀

ကြားကာလတွင်ဖြစ်ခဲ့သည်။ ထိုကာလတွင် မည်သည့် တရားမျှတမှု(TJ) ဖော်ဆောင်ခြင်းလုပ်ငန်းစဉ်များမှ ထိရောက်စွာပေါ်ပေါက်လာခဲ့ခြင်းမရှိပေ။

လူထုအဖွဲ့အစည်းများအားကောင်းလာပြီး တဖက်နှင့်တဖက် အပေးအယူလုပ်ဆောင် စေ့စပ်ဆွေးနွေးဖြေရှင်းခြင်းဖြင့် လုပ်ဆောင်ကြသည့်ပုံစံမျိုးဖြစ်ပြီး တဖက်နှင့် တဖက် အပြီးသတ်အကုန်အစင် ရှင်းလင်းနိုင်ခြင်း မရှိသည့်အခြေအနေမျိုး နှင့် စီးပွားရေးအရ ချွတ်ခြုံကျသောအခြေအနေမျိုးတွင် တော်လှန်ရေးအင်အားစု အစုအဖွဲ့များမှ တပ်ပေါင်းစု အစိုးရဖွဲ့စည်းပြီး ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဌာန်းကာ ကြားကာလ အစိုးရဖွဲ့စည်းပြီး တရားစီရင်ရေးယန္တရားအသစ်တရပ်ဖော်ဆောင်ပြီး တရားမျှတမှု (TJ) ဖော်ဆောင်ပေးခြင်း ဖြစ်သည်။ ၎င်းအခြေအနေသည် ၂၀၂၄ တော်လှန်ရေးအင်အားစုများ၏ တောင်လှန်ရေးအရွေ့နှင့် နိုင်ငံရေးအားသာချက် အရွေ့များသည် တပ်ပေါင်းစုအစိုးရဖွဲ့စည်းနိုင်ခြင်းအလားအလာများသို့ ဦးတည်နေ ကြောင်းတွေ့ရှိရသည်။ လူထုအစုအဖွဲ့ ၊ လူမျိုးစုံအင်အားစုများ၏အသံနှင့် မျှော်လင့်တောင်းတမှုသည်လည်း ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသစ်သို့ ဦးဆောင်လျှောက်လမ်းနေလျက်ရှိသည်။

အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (TJ) ၏ ရည်ရွယ်ချက်မှာ ပဋိပက္ခနှင့် အာနာရှင်စနစ်ဆိုးအောက်တွင် တရားမျှတမှုမရှိ လူ့အခွင့်အရေးချိုးဖေါက်ခံရသူများအတွက် တရားမျှတမှုနှင့် ပြန်လည်ကုစားပေးလျော်မှုများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်ကို တည်ဆောက်လိုပါလျှင် တရားဥပဒေစိုးမိုးပြီး နိုင်ငံတည်ငြိမ်၊ အေးချမ်း၊ ဖွံ့ဖြိုး၊ တိုးတတ်မှုရအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ အတိတ်ကာလက ဖြစ်ပျက်ခဲ့သမျှသော ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို စုံစမ်းဖော်ထုတ်ခြင်း၊ ပြစ်မှုကျူးလွန်သူများကို တာဝန်ယူမှု တာဝန်ခံမှုရှိရှိ လူထုရှေ့မှောက်တွင် (ထိခိုက်လွယ်အုပ်စုများ၏ လူ့အခွင့်ရေးချိုးဖေါက်ခံရမှုများမှလွဲ၍) တရားစွဲဆိုအရေးယူခြင်း၊ နစ်နာခဲ့ရသူများနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် ကိုယ်ဒဏ်ရာ ၊ စိတ်ဒဏ်ရာနှင့် လူမှုတရားမျှတမှုများရရှိအောင် ကုစားပေးခြင်း၊ ထောက်ပံ့ပေးခြင်း၊ ပညာရေးနှင့် အသက်မွေးမှုများဖန်တီးပေးခြင်း၊ စွန့်လွှတ်အနစ်နာခံခဲ့ရသူများကို အသိအမှတ်ပြု ဂုဏ်ပြုပေးခြင်း၊ အထိမ်းအမှတ်များထားရှိပေးခြင်း နှင့် နောက်ထပ်ထပ်မံဖြစ်ပွားမှုမရှိအောင် ဥပဒေစိုးမိုးရေးနှင့်ဖွဲ့စည်းပုံ

အခြေခံဥပဒေအပါအဝင် အဖွဲ့အစည်းဆိုင်ရာ ယန္တရားများကို ပြင်ဆင်တည်ဆောက်ခြင်းများကိုဆောင်ရွက်ခြင်းများ ပါဝင်ပါသည်။ ထိရောက်အောင်မြင်သည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုယန္တရားတွင် နိုင်ငံရေးအရ ဖြေရှင်းရန် စိတ်ဆန္ဒရှိခြင်း၊ လူ့အသိုင်းအဝန်း၏ ထောက်ခံအားပေးပံ့ပိုးမှုများအပြင် နိုင်ငံတကာ အစိုးရများနှင့် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများလည်း လိုအပ်သည်။

မြန်မာနိုင်ငံအန္တ အချက်အလက်ကောက်ယူတွေ့ရှိချက်များအရ မြန်မာ့တပ်မတော်နှင့် အခြားသော လက်နက်ကိုင်အဖွဲ့များက ကြီးမားသောလူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်မှုကျူးလွန်သည့်ပုံစံများသည် နိုင်ငံတကာဥပဒေအရ အဆိုးရွားဆုံးပြစ်မှုများအဖြစ် မုချကျူးလွန်သည့်ပမာဏဖြစ်ကြောင်း မှတ်ချက်ပြုကြသည်။ ကျူးလွန်သူများကိုတရားဆွဲဆို အပြစ်ပေးအရေးယူနိုင်ရန် နိုင်ငံတကာရာဇဝတ်ခုံရုံး (သို့မဟုတ်) ယာယီနိုင်ငံတကာ ပြစ်မှုဆိုင်ရာခုံရုံးများကို ဖွဲ့စည်း ဆောင်ရွက်ကြရမည်ဟု အချက်အလက်ရှာဖွေရေး အရပ်ဖက်အဖွဲ့အစည်းများက တောင်းဆိုကြသည်။ တပ်မတော်၏ထိပ်တန်းခေါင်းဆောင်များနှင့် အဆင့်ဆင့်အမိန့်ပေး ညွှန်ကြားသူများကို စစ်ရာဇဝတ်မှု၊ လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားဖြစ်တည်မှုကို ဆန့်ကျင်သည့်ပြစ်မှုတို့အတွက် လွတ်လပ်၍ ဘက်လိုက်မှုကင်းသည့် စုံစမ်းစစ်ဆေးရေးယန္တရားဖြင့် တရားဥပဒေအရ အပြစ်ပေးနိုင်ရန် တရားစွဲဆိုရမည် ဟုဖော်ပြကြသည်။

**<u>အမျိုးသားညီညွတ်ရေးအစိုးရ၏ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုလုပ်ဆောင်ချက်</u>**

"ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၈)ဆင့်ကို အကောင်အထည်ဖော်နိုင်ရေး အတွက် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းအဖွဲ့ (TCWG) ကို ၂၀၂၂၊ ဇူလိုင်လ (၂၈) ရက်တွင် NUCC က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ TCWG တွင် NUCC အဖွဲ့ဝင်အဖွဲ့အစည်းများအပြင် NUG နှင့် NLD၊ Kpict တို့လည်း ပါဝင်ခဲ့ပါသည်။ NUG ကိုယ်စား ဖက်ဒရယ်ပြည်ထောင်စုရေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမိုးဇော်ဦးတို့ ပါဝင်ခဲ့ပါသည်။ TCWG ကို ဖွဲ့စည်းပြီး ယင်း၏လုပ်ငန်းလမ်းညွှန် (ToR) ကို

ရေးဆွဲနေစဉ်တွင် တစ်ဆို့မှုများ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းတစ်ဆို့မှုများကို ကျော်လွှားနိုင်ခြင်းမရှိဘဲ ၂၀၂၂၊ နိုဝင်ဘာမှစ၍ လုပ်ငန်းများရပ်တန့်ခဲ့သည်မှာ ယနေ့အချိန်အထိပင်ဖြစ်ကြောင်း NUG ၏ ထုတ်ပြန်ချက်များကို စောကြောကြည့်ခြင်းအားဖြင့်တွေ့ရှိရသည်။

NUG၏အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေး မဟာဗျူဟာဌာနသည် အကြမ်းဖက် စစ်ကောင်စီနှင့် ၎င်း၏လက်အောက်ခံများက ကျူးလွန်သည့် မှုခင်းများကို စနစ်တကျ မှတ်တမ်းတင် ပြုစုခြင်း၊ တော်လှန်ရေးကာလအတွင်းထိခိုက်နစ်နာခဲ့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေအရ ပြန်လည် ကုစားနိုင် ရေးအတွက် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ခြင်း၊ ဥပဒေကြောင်းအရ အရေးယူခံရခြင်းမှ ကင်းလွတ်နေသူများကို အရေးယူနိုင်ရေးဆိုင်ရာ အစီအမံများ ဆောင်ရွက်ခြင်း၊ စစ်ကောင်စီ၏အကြမ်းဖက်မှုခင်းများကို တိုင်ကြားမည့် အကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပြီး လူ့အခွင့်အရေးဝန်ကြီးဌာနမှ ၎င်းလုပ်ငန်းစဉ်များကို အကောင်အ ထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတင်ခြင်းဆိုင်ရာ အစီရင်ခံစာများမှ သိရှိရသည်။ နိုင်ငံတကာ တရားစွဲဆိုမှုများအတွက် စီစဉ်ဆောင်ရွက်ခြင်းများကို အထူးအလေးပေးဆောင်ရွက် နေကြောင်း တွေ့ရှိရသည်။ နိုင်ငံတွင်းတရားရုံးများဖော်ဆောင်မှု အားနည်းချက်များရှိနေသည့်အခြေအနေများနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ပြည်ထဲရေးဝန်ကြီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်းလည်းသိရှိရသည်။ စစ်ဘက်ဆိုင်ရာမှုခင်းများဖြစ်ပွားမှုနှုန်း ကောက်ခံပြုစုခြင်း၊ ဖြစ်စဉ်အသေးစိတ်ကို မေးမြန်းစုံစမ်းထောက်လှမ်းခြင်းတို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသခံ ပြည်နယ်အစိုးရ အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

**<u>အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအစီအမံ</u>**

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ စံတန်ဖိုးများမှ တစ်ခုသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းနှင့် အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်းများဖြစ်သည်။ ၎င်းမှ ရေးဆွဲပြဌာန်းမည့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ဆိုင်ရာ လုပ်ငန်းစဉ်အမှတ် (၈) ဖော်ပြချက်များအရ ဖွဲ့စည်းပုံ

အခြေခံဥပဒေရေးဆွဲခြင်းဖြစ်ပြီး၊ လုပ်ငန်းစဉ်အမှတ် (၉)မှာ အသွင်ကူးပြောင်းရေးကာလအစိုးရဖွဲ့စည်းခြင်းဖြစ်ကြောင်းနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၂၄ခုနှစ်အတွင်း အမြန်ဆုံး ပြီးမြောက်အောင် ကြိုးပမ်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း နွေဦးတော်လှန်ရေး (၃) နှစ်ပြည့် နိုင်ငံရေးသဘောထား ကြေညာချက်ကို ဖေဖော်ဝါရီလ (၁) ရက်နေ့ ၂၀၂၄ခုနှစ်တွင်ထုတ်ပြန်ထားသည်။

ထိုကြေငြာချက်တွင် နွေဦးတော်လှန်ရေးတွင်း အသက်၊ ခန္ဓာပေးဆပ်စွန့်လွှတ်ခဲ့ကြသည့် တဦးချင်းစီအား သူရဲကောင်းအာဇာနည်များအဖြစ် လေးနက်တည်ကြည်စွာ အသိအမှတ်ပြုခြင်း၊ အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်သေဆုံးမှု၊ ရပ်ရွာများဖျက်ဆီးခံရမှု၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက်လည်းထပ်တူဝမ်းနည်းကြေကွဲရကြောင်းနှင့် ယင်းတို့အတွက် ကျူးလွန်သူများအား လုံးဝ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ဘဲ၊ အသွင်ကူးပြောင်းရေးကာလတရားမျှတမှုဆိုင်ရာ မူဝါဒများနှင့် အညီဆောင်ရွက် မည်ဖြစ်ကြောင်း ကတိပြုထားသည်။ ထိုသို့ကတိပြုကြေငြာချက်သည် အသွင်ကူးပြောင်းရေးတရားမျှတမှု လုပ်ငန်းအစီအစဉ်တရပ်ဖြစ်ကြောင်း နိုင်ငံတကာ အသွင်ကူးပြောင်းရေးတရားမျှတမှု ဆောင်ရွက်ချက်အစီမံများကို လေ့လာချက်များအရ တွေ့ရှိရသည်။

**<u>လူထုအခြေခံ အရပ်ဖက်အဖွဲ့အစည်းများ၏ အသွင်ကူးပြောင်းရေးတရားမျှတမှု ရှာဖွေခြင်း</u>**

ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်၍ ဥပဒေအသိပညာပေးရေး လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများကို ကျင်းပပြုလုပ်ခြင်း၊ ဥပဒေအသိပညာ ပြန့်ပွားရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ဥပဒေအသိပညာပေးများ လူထုအခြေခံ အရပ်ဖက်အဖွဲ့အစည်းများဖြင့် NUG ၏ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေး မဟာဗျူဟာဌာနမှ ထုတ်ပြန်ချက်များအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ "နွေဦးတော်လှန်ရေးတွင် ပါဝင်နေကြသော အရပ်ဘက်အဖွဲ့အစည်းများ (ယခု နွေဦး တော်လှန်ရေးတွင် မပါဝင်နိုင်ကြသေးသော CBO-CSO များလည်း ပါဝင်စေရမည်။) " ဟု NUG ၏ ToR တွင်ထည့်သွင်းရေးသားချက်များအရ ဤတော်လှန်ရေးကာလ မတိုင်မီနှင့် တော်လှန်ရေးကာလအတွင်းတွင် လူထုအခြေခံ အရပ်ဖက်အဖွဲ့အစည်းများ၏ လူထုကူညီမှု အထောက်အပံ့ပေးမှု

လုပ်ဆောင်မှုများကို အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့၏ တွေ့ရှိ အကြံပြုချက်များကို အသွင်ကူးပြောင်းရေး တရားမျှတမှုအစီမံများတွင် ပါဝင်စေမည်ဟု ကတိပြုထားခြင်းသည် လူထုအသံနှင့် လူထုအခြေခံအရပ်ဖက်အဖွဲ့အစည်းများ၏အမြင်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု တာဝန်ခံယူထားခြင်းဟု ယူဆဖွယ်ရာရှိသည်။

နိုင်ငံလုံးဆိုင်ရာ ပြည်သူလူထုပူးပေါင်းပါဝင်မှုအတွက် အသိပညာဖြန့်ဝေခြင်း၊ သတင်းအချက်အလက်များတင်ပြခြင်း၊ သင်ကြားပေးခြင်းနှင့် ပညာပေး အစီအစဉ်များကို ဒေသခံမီဒီယာများ၊ ပြည်တွင်း ၊ ပြည်ပရှိ သတင်းဌာနနှင့် CSO ၊ NGO၊ INGOs များက ကွန်ယက်များ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ သို့သော် မြေပြင်သို့သွားရောက်ရန်အခက်အခဲ၊ အသက်အန္တရာယ်လုံခြုံမှုမရှိခြင်း၊ နစ်နာသူများအားချိတ်ဆက်ရခက်ခဲခြင်း၊ နစ်နာသူများအနေဖြင့် ကိုယ်စိတ်ထိခိုက်မှုများကြောင့် သက်သေခံရန်ငြင်းဆိုခြင်း၊ လုံခြုံရေးအရဒေသခံများ အနေဖြင့် မျက်မြင်သက်သေအဖြစ် စိတ်လိုလက်ရဆောင်ရွက်ပေးလိုသူနည်းပါးခြင်း၊ ယခင်ကာလများ၏ တရား ရေးကဏ္ဍဖြစ်ထွန်းမှုမရှိခြင်းနှင့် အဂတိမှုများပြားသဖြင့် ယုံကြည်စွာပူးပေါင်းဆောင်ရွက်ရန်ငြင်း ဆိုသူဦးရေများ ပြားခြင်းများသည် အမှန်တရားပေါ်ပေါက်ရေးအတွက် ကနဦးကြိုးပမ်းချက်အား ကြီးမားသည့်စိန်ခေါ်မှုဖြစ်စေသည်။ အဓိကနေဖြင့် အမှန်တရားနှင့် တရားမျှတမှုရှာဖွေခြင်းမှ နစ်နာသူများနှင့် မျက်မြင်သက်သေ လုံခြုံရေးအစီအမံများ၊ မည်သူ့အတွက်မည်သို့ အကျိုးကျေးဇူးရရှိမည်၊ လူမှုစီးပွားပျက်စီးမှုများအတွက် မည်သို့ ကုစားပေးလျော် မှုအစီအမံများရှိမည်ဟူသည့် တိကျသေချာသော အနာဂတ်ကာလတွင် ပေါ်ပေါက်လာမည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု၏ ကတိပြုချက်မူဝါဒများကို နားလည်ပူးပေါင်းပါဝင်လာရန် ပြောဆိုစည်းရုံးနိုင်ခြင်းအားနည်းချက် များ ဆက်လက်တည်ရှိနေသည်။

**<u>မြန်မာ့ အသွင်ကူးပြောင်းရေးတရားမျှတမှု (TJ) လမ်းမည်မျှထိရောက် မည်သို့လျှောက်ကြမည်နည်း</u>**

"ကာကွယ်တားဆီးခြင်းဆိုသည်မှာ စောစီးလျှင်စွာလှုပ်ရှားဆောင်ရွက်ခြင်းဖြစ်ပေ၏ ထိုသို့ ပြုနိုင်ဖို့ရာ ဘာကိုရှာဖွေဖော်ထုတ်ရမည်ကို သိဖို့လိုပေသည်။ တာဝန်ခံနိုင်မှုကတိနှင့် တပြိုင်နက်တည်းမှာ ကျရောက်လာသော

သမိုင်းပေးတာဝန်မှာ အတိတ်ကကြောက်မက်ဖွယ် နိုင်ငံတကာရာဇဝတ် ပြစ်မှုများကြောင့် နစ်နာဆုံးရှုံးခဲ့ကြရသော လူသန်းပေါင်းများစွာအတွက်ပေးဆပ်ဖို့ရန်ဖြစ်သည်။ ထိုမျှသာမက အနာဂါတ်တွင် ကယ်ဆယ်နိုင်မည်ဖြစ်သော လူ့အသက်ပေါင်းများစွာတို့အတွက်လည်း တာဝန်ရှိနေသည်ဖြစ်ပါကြောင်း။" ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဇူလိုင်လ ၂၀၁၄ နေ့စွဲဖြင့် ယုတ်မာရက်စက်သော ရာဇဝတ်ပြစ်မှုများ ကိုပိုင်းခြားသုံးသပ်ခြင်းမူဘောင်၊ ကာကွယ်တားဆီးနိုင်ရန်နည်းလမ်းကိရိယာတခုတင်ပြခြင်း စာအုပ်တွင် အမှာစကား ပြောကြားထားသည်။

လက်ရှိမြန်မာနိုင်ငံတွင် တရားမျှတမှုရှာဖွေခြင်းနှင့် တရားစွဲဆိုခြင်းတို့အား ပြည်တွင်းအုပ်ချုပ်ရေး နှင့် တရားဥပဒေစိုးမိုးရေး ယန္တရားဖရိုဖရဲဖြစ်နေသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့် အခြေအနေအားတွေ့ရှိရသည်။ သို့သော် လူ့အခွင့်အရေးချိုးဖေါက်မှုနှင့် စစ်ကြောင့်ဖြစ်ပေါ်လာသော ရာဇဝတ်မှုများ က နိုင်ငံနေရာဒေသအနှံ့အပြားတွင် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အသွင်ကူးပြောင်းရေး ကာလတွင် တရားမျှတမှု ရယူနိုင်ရန် အချက်အလက်ကောက်ယူစုဆောင်းမှတ်တမ်းတင်ခြင်း လုပ်ငန်းစဥ်သည်ပင်လျှင် စိန်ခေါ်မှုများဖြင့် ပြည့်နှက်လျက်ရှိသည်။ NUG လူ့အခွင့်အရေးဝန်ကြီးဌာနအနေဖြင့် ဆောလျှင်စွာလုပ်ဆောင်နိုင်သည့် အချက်အလက် ကောက်ယူခြင်း၊နစ်နာသူနှင့် မျက်မြင်သက်သေများထံမှ ထွက်ဆိုချက်အင်တာဗျူးများ၊ သက်သေခံပစ္စည်းသက်သေ၊ လူသက်သေများစုဆောင်းခြင်း၊ လုံခြုံစွာ ထိန်းသိမ်းထားရှိခြင်း၊ နိုင်ငံတကာတရား စီရင်ရေးတွင်အသုံးပြုနိုင်ရန် IIMM ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများသို့ အထောက်အကူပြု တင်ပြနိုင်စေရန် ဒေသခံများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းချက်အနေဖြင့် ၂၀၂၂ခုနှစ် မတ်လတွင် Myanmar Accountability Project က တူရကီနိုင်ငံတွင် နိုင်ငံတကာတရားစီရင်ရေး (UJ Process) အသုံးပြုကာ စစ်အာဏာသိမ်းပြီးနောက်ပိုင်းညှင်းပန်းနှိပ်စက်မှုများ ကျယ်ပြန့်စွာ ကျူးလွန်မှုနှင့် ပတ်သတ်ပြီး စွဲချက်တင်ခဲ့သည်။ တဖန် ၂၀၂၃ခုနှစ် ဇန်နဝါရီ ၂၀ တွင် Fortify Rights နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးလှုပ်ရှားသူ ၁၆ဦးက မြန်မာစစ်ခေါင်းဆောင်များကို လူသားများအပေါ်ကျူးလွန်သည့်ပြစ်မှု (CAH) ၊ လူမျိုးတုန်းသတ်ဖြတ်မှု ၊ စစ်ရာ ဇဝတ်မှု ကျူးလွန်မှုများဖြင့် ဂျာမဏီနိုင်ငံတွင် UJ process အသုံးပြုပြီး စွဲချက်တင်ခဲ့သော်လည်း ဂျာမဏီအစိုးရမှ ၂၀၂၃ နိုဝင်ဘာလတွင် အမှုကို ပယ်ချခဲ့သည်။ ထို့မှတဖန် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် ချင်းလူမျိုး(၅)ဦးက

ဖိလစ်ပိုင်နိုင်ငံတွင် UJ process အသုံးပြုပြီး စစ်တပ်မှ ၂၀၂၁ခုနှစ် စက်တင်ဘာလက ထန်တလန်တွင် ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိသူ (၁၀)ဦးကို တရားစွဲဆိုသည်။ ဖိလစ်ပိုင်တရားရုံးက ၂၀၂၄ ဧပြီလတွင် အမှုကို ပယ်ချခဲ့သည်။ ထိုသို့ နိုင်ငံအသီးသီးရှိ တရားရုံးများမှ ပယ်ချခဲ့ရသည့် အကြောင်းတရားမှာ ထိုနိုင်ငံများ၏ တရားစီရင်ရေးပြဌာန်းချက်များအရ ကျူးလွန်သူများအား တရားရုံးတော်သို့ တရားစီရင်ရန်ခေါ်ဆောင်မှုမပြုနိုင်ခြင်းကြောင့်ဖြစ်သည်ဟု သိရှိရသည်။ နိုင်ငံတွင်းတရားဥပဒေစိုး မိုးရေး၊ ဥပဒေအရစီရင်ဆုံးဖြတ်မှုများကို ဆောနိုင်သမျှဆောလျှင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသည့် ကာလပတ်လုံး ချိုးဖောက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများ ပျောက်ကွယ်နေမည့်အပြင် နစ်နာသူများအတွက် ကုစားချေဖျက်နိုင်ခွင့်ရရှိမည်မဟုတ်သည့်အတွက် အိပ်မက်ဆိုးမှနိုးထခွင့်ပင်ရရှိမည် မဟုတ်ပေ။

ပြန်လည်ကုစားပေးလျော်ခြင်းသည် နစ်နာသူနှင့် မိသားစုများအတွက် နှစ်သိမ့်ကျေနပ်မှုပေးနိုင်သော တရားမျှတမှု (TJ) အတွက် အရေးကြီးသည့်လုပ်ငန်းစဥ်တရပ်ဖြစ်သည်။ မြန်မာနိုင်ငံဒေသအသီးသီးတွင် ဖြစ်ပွားခဲ့သော၊ ဖြစ်လာလတ္တံ့ရှိသော လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် မတူကွဲပြားသော လူမျိုးစုများ၊ မတူကွဲပြားသော နစ်နာသူများ၏ တရားမျှတမှု (TJ) အဓိပ္ပာယ်ဖော်ဆောင်ခြင်းသည်လည်း ဒေသအလိုက် ၊ ဖြစ်စဥ်ဖြစ်ရပ်များ အလိုက်ကွဲပြားခြားနားလျက်ရှိသည်။ မတရားဖမ်းဆီးချုပ်နှောင် အကျဥ်းချခြင်းခံရရာမှ လွတ်မြောက်လာသူတစ်ဦးမှ ဤသို့ဆိုသည် “စိတ်ပိုင်းဆိုင်ရာက ကျွန်တော်တို့ထောင်ထဲက လွတ်လာခဲ့ပေမဲ့ နောက်ထပ်တကြိမ် ကျွန်တော်တို့ကိုလာပြီးတော့ဖမ်းမလဲ တထိတ်ထိတ်နဲ့တော့ နေ့စဥ်အချိန်တိုင်းလိုလို အဲ့သောကတွေကရှိနေတယ်။ ညဆိုအိပ်မပျော်တာတို့ရှိနေတယ်။ အဲ့လိုမျိုး တလျှောက်လုံး ကျွန်တော်တို့ခံစား နေရတယ်။ ဒီလိုမျိုး ကိုယ့်ကိုယ်ကို မလုံခြုံသလို ခံစားနေရတာကြီးက ဘယ်လိုမှ ဖြေဖျောက်လို့မရဘူး။ သူတို့ အချိန်မရွေး ဘယ်လိုအကြောင်းပြချက်နဲ့ ထပ်လာဖမ်းဦးမလဲဆိုပြီး အဲ့လိုမျိုးကြီးပဲခံစားနေရတာ။ ကျွန်တော်မှ မဟုတ်ဘူး။ အဲ့ဒါက ကျွန်တော်နဲ့ အတူလွတ်ခဲ့တဲ့ လူတိုင်းကလည်း စကားစပ်မိတဲ့အခါ ပြောလို့ရှိရင် သူတို့လည်းအဲ့လိုပဲခံစားနေရတယ်ဆိုတဲ့အကြောင်းပြောကြတယ်။”

ထို့နည်းတူ စစ်ကြောင်းဝင်သည့်ဒေသများ၊ လေယာဉ်ဗုံးကျဲခံရသည့်ဒေသများတွင် ပြည်တွင်းစစ်ပြေးရှောင် ကြသူများ၏ အိမ်များ၊ ယာများ၊ စပါးကျီများ၊ အသေးစားစက်ရုံအလုပ်ရုံများ၊ ဒေသအခြေပြုလူမှုရေးအ ဖွဲ့အစည်းပိုင်နေရာများ မီးရှို့ဖျက်ဆီးခံလိုက်ရသည့်အတွက် ဘဝအခြေပျက်သွားရသည့် ကောင်းကင်အမိုးလုပ် မြေကြီးဖျာခင်း နေကြရသူများ၏ မချိတင်ကဲငိုညည်းသံများကိုလည်း ရပ်တန့်စေရန် ဖေးမထောက် ကူရေးလုပ်ငန်း များ အကောင်အထည်ဖော်နိုင်ခြင်း နှောင့်နှေးနေလျက်ရှိသည်။ ထိုအထဲတွင် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်၊ အမျိုးသမီးနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး ၊ ပညာရေး၊ လူမှုဘဝရှင်သန်ရပ်တည်နိုင်ရေး များမှာ အလုံးစုံအခက်အခဲတွေ့ကြုံနေကြရသည်။ "ငါ့အိမ်နဲ့စပါးတင်း ၂၀၀ (အကြမ်းဖျဉ်း လယ် ၃၈ကေအထွက်) ကိုမီးရှို့နေတုန်းမှာ ငါတို့ကိုလက်ထိပ်ခတ်ထားတယ်။ ငါက ငါ့ကလေးတွေအတွက် ဒုက္ခရောက်လိမ့်မယ်လို့ ပြောတော့ငါ့ညာဘက်ပါးကို စစ်သားတွေကရိုက်တယ်။ [....] ငါတို့မွန်သူပုန်တွေနဲ့အဆက်အသွယ်ရှိမှတော့ သူတို့ကိုငါ့အိမ်မှာပေးထားပါ့မလား။ ငါတို့အိမ်မှာတည်းပြီးစစ်တိုက်ဖို့နဲ့ အိမ်ကိုဖျက်ဆီးဖို့ သူတို့ကိုဖိတ်ခဲ့တာမ ဟုတ်ဘူး"(မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ၂၀၁၆ခုနှစ်နိုဝင်ဘာတွင် မှတ်တမ်းတင်ခဲ့သည်)" "ငါအရမ်းကြောက်တော့ညဆိုကောင်းကောင်းအိပ်မရဘူး။ ညလယ်ခေါင်ကြီး ခဏခဏလန့်နိုးတယ်။ ငါစစ်သား တင်ကြောက်တာမဟုတ်ဘူး။ မြန်မာစကားပြောတဲ့သူတွေကိုလည်းကြောက်တယ် (တအာန်းအမျိုးသမီး အဖွဲ့အစည်း မှ ၂၀၁၆ခုနှစ်ဒီဇင်ဘာတွင်မှတ်တမ်းတင်သည်)" "ငါ့ကလေးတွေရဲ့ ပညာရေးအနာဂတ်အတွက် အကြီးအကျယ်ထိ ခိုက်တော့မယ်။ ကလေးတွေရဲ့အနာဂတ်နဲ့ သူတို့ပညာရေးက မိဘတွေ လက်ထဲမှာရှိတယ်။ တကယ်လို့ငါတို့မြေကို ဆုံးရှုံးပြီဆိုရင် ငါတို့ဘာမှတတ်နိုင်မှာမဟုတ်တော့ဘူး။ (အနာဂတ် အလင်းတန်းဆုံမှတ်-၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလ)" ဟုသော ဖိနှိပ်ခံများ၏နာကျင်မှုအသံတစ်ချို့ကို ကောက်နုတ်ဖော်ပြပါသည်။ လူ့အခွင့်အရေးချိုးဖေါက် ကျူးလွန်ခံရ သဖြင့် နစ်နာခံစားရသူများသည် ပြန်လည်ကုစားဖြည့်ဆည်းပေးမှု တစုံတရာကိုတောင်းဆိုသည်။ အများစုက တရားစီရင်ရေးဖြင့် ကျူးလွန်သူအားအပစ်ပေးအရေးယူခြင်းမှတဆင့် တရားမျှတမှုလိုလားကြသည်။ တချို့ကမူ အလုပ်အကိုင်အစီအမံ၊ အသက်မွေးဝမ်းကျောင်းပညာရပ်၊ ဆုံးရှုံးခဲ့ရသည့် အိုးအိမ်မြေယာများပြန်ရလိုမှု (သို့)၎င်းအတွက်ထိုက်တန်သည့် လျော်ကြေးငွေ၊ ဂုဏ်သိက္ခာနစ်နာခဲ့ကြသူများ၏ လိုလားချက်မှာ အများပြည်သူရှေ့မှောက်တွင်တောင်းပန်ခြင်း၊ ကိုယ်အင်္ဂါဆုံးရှုံးခဲ့ရသူတို့၏လိုလားချက်မှာ လူဖြစ်မရှုံးစေရန်

အစိုးရအနေဖြင့် ရှေ့ဆက်ရမည့်ဘဝအတွက် စီစဉ်ဆောင်ရွက်ပေးမှု၊ စိတ်ကျန်းမာရေးထိခိုက်ခဲ့ရသူများအတွက် နှစ်သိမ့်ဆွေးနွေးကုစားပေးရေးအစီအမံများ စသည်ဖြင့် နိုင်ငံကို စီမံခန့်ခွဲမည့်သူများဖြစ်သော ဖက်ဒရယ်အစိုးရ၊ ပြည်နယ်အစိုးရများမှ မတူကွဲပြားစွာစီစဉ်ပေးရန် မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုလိုအပ်သည်။ ဤစာတမ်းပြုစုနေစဉ်အချိန်အထိ အသွင်ကူးပြောင်းရေးတရားမျှတမှု (TJ) အတွက် အစိုးရများအနေဖြင့် ကြိုတင်ပြင်ဆင်မှုအစီအမံများ လုံလောက်မှုရှိသည့်အတိုင်းအတာအား ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းများကိုလေ့လာကြည့်ရာ ကချင်နှင့် ရာမည(မွန်)တွင်သာအကြမ်းအားဖြင့် ထည့်သွင်းရေးဆွဲထား ကြောင်းတွေ့ရှိရသည်။ နစ်နာခဲ့ရသူများအတွက် ၎င်းတို့၏ဘဝ ပြန်လည်ထူထောင် နိုင်ရေးအပေါ် ထိထိရောက်ရောက် အကူအညီ အထောက်အကူပေးသည့် ပြန်လည်ကုစားပေးလျော်ရေး အစီအစဉ်သည် နိုင်ငံလုံးဆိုင်ရာကျယ်ပြန့်သော အတိုင်းအတာဖြင့်ပြုလုပ်ရန် ချက်ချင်းလိုအပ်နေပြီး၊ ကုစားရေးမှသည် ပြန်လည်သင့်မြတ်ခြင်းဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သည့် လူမှုအဝန်းအဝိုင်းကို တည်ဆောက်ကြရမည်ဖြစ်သည်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံမှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ စတင်လုပ်ဆောင်ရာတွင် သိသာထင်ရှားသည့်တိုးတက်မှုများရှိခဲ့သော်လည်း စိန်ခေါ်မှုများဆက်ရှိနေဦးမည် ဖြစ်ပါသည်။ အမျိုးသားအဆင့် ဆွေးနွေးမှုတွင် ဖယ်ကျဉ်ခံတိုင်းရင်းသားများ၏ ပါဝင်မှုမရှိစေခြင်းသည် သီးခြားလိုအပ်ချက်များကို လျစ်လျူရှုထားသလိုဖြစ်လေ့ရှိပါသည်။ အခြေခံလူတန်းစားများ၏ ပူးပေါင်းပါဝင်မှုကို အားကောင်းစေခြင်း၊ ယဉ်ကျေးမှုနှုန်းစံကွဲပြားချက်များအရ ထိလွယ်ရှလွယ်မှုမရှိစေရေးသတိထားဆောင်ရွက် ခြင်းနှင့် မကျေနပ်မှုများ၏အစတည်ရာ အရင်းခံအကြောင်းတရားများကို ဖြေရှင်းပေးခြင်းတို့သည် အလေးထားလု ပ်ဆောင်ရမည့် အချက်များဖြစ်ပါသည်။ အဖွဲ့အစည်းဆိုင်ရာ ယန္တရားများနှင့် TJ အယူအဆများကို အကန့်အသတ် ဖြင့် သိရှိနားလည်မှုသည် ယင်းကွာဟချက်များကို နည်းသည်ထက်နည်းအောင် ပညာပေးခြင်း ပူးပေါင်းပါဝင် လာအောင် စည်းရုံးလှုံဆောင်ခြင်း နည်းအားဖြင့်ဖြေရှင်းခြင်းသည်သာ ပိုမိုမျှတပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်ဆီသို့ အခက်အခဲများကိုကျော်လွှားကာ လျှင်လျှင်မြန်မြန် တတ်လှမ်း နိုင်အောင် ကူညီနိုင်မည်ဖြစ်သည်။

**ကိုးကားစာအုပ်များ**


၁ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး ကြိုးပမ်းမှု မှတ်တမ်းများ (ဆလိုင်းလျန်မှုန်း, ၂၀၁၆)

၂ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာအချက်အလက်များမြန်မာနိုင်ငံ

၃ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအခြေခံသင်ရိုးညွှန်းတမ်း (ND Burma, 2023 Dec)

၄ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအဆင့်မြင့် သင်ရိုးညွှန်းတမ်း (ND Burma, 2023 Dec)

၅ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းသင်တန်း သင်ရိုးညွှန်းတမ်း (ND Burma, 2012 Jul)

၆ ဥပေက္ခာမပြုကောင်းသောဘဝများ (ND Burma, 2018 Oct)

၇ လွတ်မြောက်သော်ငြား မလွတ်လပ်နိုင်သေးသူများ (AAPP, 2024 Nov)

၈ အကူးအပြောင်းဖြစ်စဥ်များအလွန်အသွင်ကူးပြောင်းရေးဆီသို့လှမ်းချီခြင်း ( Amanda Cats-Baril,IDEA,2020)

၉ Framework of Analysis for Atrocity Crimers , A tool for prevention (ALTSEAN Burma, 2017 Dec)

၁၀ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM, သတင်းလွှာအတွဲ ၁၂, ၂၀၂၄ အောက်တိုဘာ)

၁၁ ကျွန်မတို့ဟာမေ့ကျန်ရစ်ထားတဲ့လူတွေလိုပါပဲ (Human Rights Watch)

၁၂ Yearning To Be Heard (The Human Rights Foundation of Monland-Burma, 2015 Feb)

၁၃ ပဲလှော်ကြားဆားညှပ်- တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသနလေ့လာမှု ကချင်ပြည်နယ် (UNDP, 2017)

၁၄ ငါးနှစ်တိုင်ကြာခဲ့ပြီးသော လူမျိုးတုံးသတ်ဖြတ်မှုအပေါ် ရိုဟင်ဂျာများအတွက် တရားမျှတမှု ရရှိစေရန်ကမ္ဘာကဆောင်ရွက်ပေးရမည် (384Organization/ Association signed, 2022 Aug)

၁၅ တရားမျှတမှုအတွက် တာဝန်ခံမှု - မြန်မာနိုင်ငံတွင် စစ်တပ်၏လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို နိုင်ငံတကာ၏ ပြန်လည်အာရုံစိုက်မှုအရေးတကြီးလိုအပ်ချက် (မှတ်တမ်းပြုစုသည့်ကာလ-ဇန်နဝါရီလမှ ဒီဇင်ဘာလ ၂၀၂၂) (AAPP)

၁၆ “ကမ္ဘာကြီးသိပါစေ...” (KnHRG & ND -Burma, 2022)

၁၇ ငြိမ်းချမ်းရေးအတွက် အမှန်တရားကိုဖွင့်ဟခြင်း (Asia Justice and Rights, 2018 Mar)

၁၈ တရားမျှတမှုရှာဖွေခြင်း- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသန္တရတရားရုံးများတွင် လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် တာဝန်ခံမှု ရှာဖွေသည့် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများအတွက် အတားအဆီးများနှင့် အခွင့်အလမ်းများအပေါ် သုံးသပ်ချက် (KWAT & AJAR, 2020 Jul)

၁၉ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းခြင်းတွင် တရားမျှတမှုဖေါ်ဆောင်နိုင်မည့်လမ်းကြောင်းများ ရှာဖွေခြင်း (ICTJ, 2014 Jun)

၂၀ Reparations as a catalytic power to change victims’ and survivors’ lives: Perspectives and conditions from the grassroots level (Impunity Watch & INOVAS, 2022 Nov)

၂၁ နာဂရှာပြည် ဓလေ့ထုံးတမ်းမြေယာနှင့် သစ်တောသယံဇာတ စီမံခန့်ခွဲမှုစနစ် ( Julia Fogerite, Jack Jenkins Hill , and Athong Makury,RRtIP, 2018 Mar)